# Saint Vincent (စိန့် ဗင်းဆင့်) ကျန်းမာရေး စနစ် *

## *အတွင်းရေး အလေ့အထဆိုင်ရာ အကြောင်းကြားစာ*

***ဤအကြောင်းကြားစာသည် သင်နှင့်ပတ်သက်သော ဆေးဝါးကုသခြင်း ဆိုင်ရာ သတင်းအချက်အလက်များကို မည်သို့ အသုံးပြုပြီး မည်သို့ ထုတ်ဖော်ဖွင့်ဟမည်နှင့် ထိုသတင်းအချက်အလက်များကို သင်မည်သို့ ဆက်သွယ်ယူနိုင်မည်ကို ဖော်ပြထားသည်။ ကျေးဇူးပြု၍ ၎င်းကို ဂရုတစိုက် ဖတ်ရှုလေ့လာပါ။***

သင်၏ အတွင်းရေးသည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးသည်။ အကယ်၍ သင့်တွင် မေးခွန်းများရှိပါက ကျွန်ုပ်တို့၏ လူနာဆက်ဆံရေးဌာန (814) 452-7081 သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။

### သင်၏ ကျန်းမာရေးမှတ်တမ်း/သတင်းအချက်အလက်ကို နားလည်ခြင်း

သင် ဆေးရုံ၊ ဆရာဝန် သို့မဟုတ် အခြားကျန်းမာရေး စောင့်ရှောက်မှုဖြည့်ဆည်းပေးသည့် နေရာတစ်ခုသို့ သွားသည့်အကြိမ်တိုင်း၊ သင်၏ သွားရောက်မှုကို မှတ်တမ်းပြုလုပ်သည်။ ထုံစံအားဖြင့် ထိုမှတ်တမ်းတွင် သင်၏ ရောဂါလက္ခဏာများ၊ ဆေးစစ်ခြင်း အဖြေများ၊ ရောဂါရှာဖွေဖော်ထုတ်ခြင်းများ၊ ကုသခြင်းနှင့် အနာဂတ် စောင့်ရှောက်မှု သို့မဟုတ် ကုသမှုအတွက် အစီအစဉ်တစ်ရပ်တို့ ပါဝင်သည်။ သင်၏ ကျန်းမာရေး သို့မဟုတ် ဆေးကုသခြင်းမှတ်တမ်းဟု ရည်ညွှန်းလေ့ရှိသော ထိုသတင်းအချက်အလက်သည် အောက်ဖော်ပြပါ တစ်ခုကဲ့သို့ အသုံးဝင်သည်–

- သင်၏ စောင့်ရှောက်ခြင်းနှင့် ကုသခြင်း စီစဉ်မှုအတွက် အခြေခံ
- သင့် စောင့်ရှောက်မှုအတွက် ပါဝင်ဖြည့်ဆည်းကြသော ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်တို့အကြားတွင် ဆက်သွယ်ရေးနည်းလမ်း
- သင် ရယူလက်ခံခဲ့သော စောင့်ရှောက်မှုကို ဖော်ပြသည့် တရားဥပဒေဆိုင်ရာ စာရွက်စာတမ်း
- သင် သို့မဟုတ် ကြားလူတစ်ဦးဖြစ်သော ငွေပေးသူသည် ငွေတောင်းခံထားသောဝန်ဆောင်မှုများမှာ အမှန်တကယ်ဖြည့်ဆည်းပေးခဲ့ကြောင်းကို မှန်ကန်ကြောင်း အတည်ပြုနိုင်သည့်နည်းလမ်း
- ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များကို ပညာပေးသည့် ကိရိယာ တန်ဆာပလာတစ်ခု
- ဆေးဝါးကုသရေး သုတေသနအတွက် အချက်အလက်အရင်းအမြစ် တစ်ခု
- နိုင်ငံတော်၏ ကျန်းမာရေးကို တိုးတက်မြင့်မားစေခြင်းအတွက် တာဝန်ပေးခြင်းခံရသော အများပြည်သူ ကျန်းမာရေး အရာရှိများအတွက် သတင်းအချက်အလက်ရင်းမြစ်
- ပံ့ပိုးမှု အင်္ဂါရပ် စီစဉ်မှုနှင့် ဈေးကွက်ရောင်းချခြင်း အတွက် အချက်အလက်ရင်းမြစ်
- ကျွန်ုပ်တို့ အကဲဖြတ်နိုင်ပြီး ကျွန်ုပ်တို့ ပေးသော စောင့်ရှောက်မှုနှင့် ရရှိသော ရလဒ်များကို တိုးတက်စေရန် စဉ်ဆက်မပြတ် အလုပ်လုပ်နိုင်မည့် ကိရိယာ တန်ဆာပလာတစ်ခု

သင်၏ မှတ်တမ်းတွင်ရှိသော အရာနှင့် သင့်ကျန်းမာရေး သတင်းအချက်အလက်များကို မည်သို့ အသုံးပြုခဲ့သည် ဆိုသည်ကို နားလည်ခြင်းသည် သင့်အား အောက်ပါတို့တွင် ကူညီသည်–

- ၎င်း၏ တိကျမှန်ကန်မှုကို သေချာစေသည်
- သင်၏ ကျန်းမာရေး သတင်းအချက်အလက်များကို မည်သူ၊ မည်သည့် ၊ မည်သည့်အချိန် ၊ မည်သည့်နေရာ နှင့် အဘယ့်ကြောင့် အခြားသူများမှ ဆက်သွယ်ရယူနိုင်ခွင့်ရှိနိုင်ကြောင်းကိုပို၍ ကောင်းမွန်စွာ နားလည်သည်
- အခြားသူများကို ဖွင့်ဟထုတ်ဖော်ချက်အား ခွင့်ပြုသောအခါ ပို၍ သတင်းအချက်အလက် ပြည့်စုံသော ဆုံးဖြတ်ချက်များကို ပြုလုပ်သည်

### သင့် ကျန်းမာရေး သတင်းအချက်အလက် အခွင့်အရေးများ

သင့် ကျန်းမာရေးမှတ်တမ်းသည် ကျန်းမာရေး စောင့်ရှောက်မှု ဆရာဝန် သို့မဟုတ် ထိုမှတ်တမ်းနှင့် သက်ဆိုင်သော ပံ့ပိုးမှု အင်္ဂါရပ်၏ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းတစ်ရပ် ဖြစ်သော်လည်း သတင်းအချက်အလက်များကို သင်ပိုင်ဆိုင်သည်။ သင့်တွင် အောက်ပါတို့ကို ပြုလုပ်ရန် အခွင့်အရေးရှိသည်–

- သင်၏ ကျန်းမာရေးသတင်းအချက်အလက်များအပေါ် အသုံးပြုခြင်းနှင့် ဖွင့်ဟထုတ်ဖော်ပြခြင်း အချို့တို့ကို ကန့်သတ်ခြင်းများအား တောင်းဆိုခြင်း
- သင့် ကျန်းမာရေး သတင်းအချက်အလက်များ ဆက်သွယ်ပေးပို့သည့် အခြားရွေးချယ်စရာ နည်းလမ်းများကို တောင်းဆိုခြင်း
- သင့် ကျန်းမာရေး သတင်းအချက်အလက်များ၏ မိတ္တူတစ်စောင်ကို စစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း နှင့်/သို့မဟုတ် ရယူခြင်း
- သင့် ကျန်းမာရေး သတင်းအချက်အလက်များ၏ ဖွင့်ဟဖော်ထုတ်ခြင်းများဆိုင်ရာ အကြောင်းရင်းကို လက်ခံရရှိခြင်း
- အတွင်းရေး အလေ့အထဆိုင်ရာ အကြောင်းကြားစာ၏ စက္ကူ မိတ္တူတစ်စောင်ကို တောင်းခံပြီး လက်ခံရရှိခြင်း
- အရေးယူဆောင်ရွက်မှု ပြုလုပ်ခဲ့ပြီးသော အတိုင်းအတာ တစ်ခု သို့မဟုတ် ဥပဒေမှ ခွင့်ပြုထားသကဲ့သို့ မှလွဲ၍ ကျန်းမာရေး သတင်းအချက်အလက်များကို အသုံးပြုရန် သို့မဟုတ် ဖွင့်ဟထုတ်ဖော်ရန် သင်၏ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း

### ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများ

Saint Vincent (စိန့် ဗင်းဆင့်) ကျန်းမာရေး စနစ်သည် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်သည်–

- သင့် ကျန်းမာရေး သတင်းအချက်အလက် အတွင်းရေးကို ထိန်းသိမ်းရန်
- ကျွန်ုပ်တို့၏ ဥပဒေရေးရာ တာဝန်နှင့် ကျွန်ုပ်တို့ စုဆောင်းကောက်ယူပြီး ထိန်းသိမ်းထားသည့် သတင်း အချက်အလက်များနှင့် စပ်လျဉ်းပြီး အတွင်းရေးကို အလေ့အထများအဖြစ်ဖြင့် သင့်အား အကြောင်းကြားရန်
- ဤ အကြောင်းကြားစာပါ သတ်မှတ်ချက်များကို လိုက်နာရန်
- အကယ်၍ ကျွန်ုပ်တို့သည် တောင်းဆိုထားသော မည်သည့် ကန့်သတ်ခြင်းမျိုးကိုမဆို သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ အခြားရွေးချယ်စရာ နည်းလမ်းများကို သဘောတူရန် မတတ်နိုင်ပါက သင့်အား အကြောင်းကြားရန်
- ကျန်းမာရေး သတင်းအချက်အလက်များကို အခြားရွေးချယ်စရာနည်းလမ်းများဖြင့် ဆက်သွယ်ပေးပို့ရန် အတွက် ကျိုးကြောင်းဆီလျော်သော တောင်းခံမှုများကို ထည့်သွင်းစဉ်းစားရန်

---

* ဤအကြောင်းကြားစာ၏ ရည်ရွယ်ချက်များအတွက် Saint Vincent (စိန့် ဗင်းဆင့်) ကျန်းမာရေးစနစ် "မိသားစု" တွင် မိဘ၊ Saint Vincent (စိန့် ဗင်းဆင့်) ကျန်းမာရေးဗဟိုဌာန နှင့်အတူ Saint Vincent (စိန့် ဗင်းဆင့်) ကျန်းမာရေးစနစ် နှင့်အခြားသော Saint Vincent (စိန့် ဗင်းဆင့်) ကျန်းမာရေးဝန်ဆောင်မှုများ နှင့်အတူ ထိုပံ့ပိုးမှု အဆောက်အအုံများတွင် စောင့်ရှောက်မှုပေးသော ဆရာဝန်များနှင့် အခြားဆေးကုသရေးဆိုင်ရာ အမှုထမ်းများတို့ပါဝင်သည်။ Saint Vincent (စိန့် ဗင်းဆင့်) "မိသားစု"၏ အသေးစိတ်စာရင်းအတွက် ကျွန်ုပ်တို့၏ ဝက်(ဘ်) ဆိုဒ် www.saintvincenthealth.com သို့ ဝင်ရောက်လေ့လာပြီး "အတွင်းရေး မူဝါဒ" ကို ကလစ်နှိပ်ကာ ကျွန်ုပ်တို့၏ "အတွင်းရေးအလေ့အထ စာရွက်စာတမ်း အကြောင်းကြားစာ" ကို ရွေးချယ်ပါ သို့မဟုတ် စာရွက်မိတ္တူစာရင်းတစ်စုံအတွက် ကျွန်ုပ်တို့၏ လူနာဆက်ဆံရေးဌာန (814) 452-7081 သို့ ဆက်သွယ်ပါ။ ဤ အကြောင်းကြားစာသည် မိသားစုဝင် အားလုံး နှင့် သက်ဆိုင်သည်။

စာဖြင့်ရေးသားထားသော သင်၏ခွင့်ပြုချက်မပါဘဲ (စိန့် ဗင်းဆင့်) သည် သင်၏သတင်းအချက်အလက်များကို မည်သို့ထုတ်ဖော်ဖွင့်ဟနိုင်သည် ဆိုသော ဥပမာများ–

***ကျွန်ုပ်တို့သည် သင်၏ကျန်းမာရေး သတင်းအချက်အလက်များကို ကုသခြင်းအတွက် အသုံးပြုမည်။***

သူနာပြု၊ ဆရာဝန် သို့မဟုတ် သင့်ကျန်းမာရေး စောင့်ရှောက်မှု အသင်းမှ အခြား အဖွဲ့ဝင်တစ်ဦး ထံမှ ရရှိသော သတင်းအချက်အလက်များကို သင့်မှတ်တမ်းတွင် မှတ်တမ်းပြုစုထား လိမ့်မည်ဖြစ်ပြီး သင့်အတွက် အကောင်းဆုံးဖြစ်သော ကုသမှုကို ဆုံးဖြတ်ရန် အသုံးပြုခြင်းခံရလိမ့်မည်။ သင် ဆေးရုံမှဆင်းသည်နှင့် တစ်ပြိုင်နက် သင့်ကို ကုသမှုပေးရာတွင် ကူညီသင့်သည့် အစီရင်ခံစာ မြောက်မြားစွာ၏ မိတ္တူများကို သင်၏ ဆရာဝန် သို့မဟုတ် အခြားသော ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများအား ကျွန်ုပ်တို့ ပေးမည်။

***ကျွန်ုပ်တို့သည် သင်၏ ကျန်းမာရေး သတင်းအချက်အလက်များကို ငွေပေးချေခြင်းအတွက် အသုံးပြုမည်။***

ငွေတောင်းခံလွှာတစ်ခုကို သင် သို့မဟုတ် ကြားလူ တစ်ဦးဖြစ်သော ငွေပေးသူတစ်ဦးထံသို့ ပေးပို့နိုင်သည်။ ငွေတောင်းခံလွှာပေါ်တွင် သို့မဟုတ် ပူးတွဲပါလာသော သတင်းအချက်အလက်များ တွင် သင်နှင့် သင်၏ ရောဂါရှာဖွေဖော်ထုတ်ခြင်း ၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အသုံးပြုသော ထောက်ပံ့မှုများကို ခွဲခြား ဖော်ထုတ်ပြသည့် သတင်းအချက်အလက်များပါဝင်နိုင်မည်။

***ကျွန်ုပ်တို့သည် သင်၏ ကျန်းမာရေး သတင်းအချက်အလက်များကို  ပုံမှန် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် အသုံးပြုမည်။***

ဆေးကုသရေး ဝန်ထမ်းများ နှင့် အရည်အသွေး တိုးတက်မြင့်မားရေး အဖွဲ့၏ အဖွဲ့ဝင်များသည် သင်၏ အခြေအနေတွင် စောင့်ရှောက်မှုနှင့် ရလဒ်များကို အကဲဖြတ်ရန် သင့် ကျန်းမာရေး မှတ်တမ်းရှိ သတင်းအချက်အလက်နှင့် အခြားသော အလားတူ အရာကို အသုံးပြုလိမ့်မည်။ ထိုသတင်းအချက်အလက်ကို နောက်တွင် ကျွန်ုပ်တို့ ဖြည့်ဆည်းပေးသော ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှု၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုကို အမြဲတမ်း တိုးတက်စေရန် ကြိုးပမ်းအားထုတ်မှုတွင် အသုံးပြုခြင်း ခံရလိမ့်မည်။

***အခြား အသုံးပြုခြင်းများတွင် အောက်ပါတို့ ပါဝင်နိုင်သည်–***

*စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ–* စီးပွားရေး လုပ်ဖော်ကိုင်ဖက်များနှင့် သဘောတူစာချုပ်များမှ တဆင့်ပေးသော ဝန်ဆောင်မှုအချို့ ကျွန်ုပ်တို့၏ အဖွဲ့အစည်းအတွင်းတွင်ရှိသည်။ ဝန်ဆောင်မှုများကို သဘောတူစာချုပ်ချုပ်ဆိုသောအခါ ကျွန်ုပ်တို့သည် သင်၏ ကျန်းမာရေး သတင်းအချက်အလက်များကို ထိုစီးပွားရေးလုပ်ငန်းများသို့ ထုတ်ဖော်ဖွင့်ဟနိုင်သည်။ သို့မှသာ သူတို့အား ကျွန်ုပ်တို့မှ လုပ်ပေးရန် ပြောသော အလုပ်ကို သူတို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သင်၏ ကျန်းမာရေး သတင်းအချက်များကို ကာကွယ်ရန်၊ သင်၏ သတင်းအချက်အလက်များကို သင့်လျော်စွာ အကာအကွယ်ပေးရန် စီးပွားရေး လုပ်ဖော်ကိုင်ဖက်များအား ကျွန်ုပ်တို့မှ တောင်းဆိုသည်။

*လမ်းညွှန်စာအုပ်–* အကယ်၍ သင်ကန့်ကွက်သည်ဟု ကျွန်ုပ်တို့ကို အကြောင်းမကြားခဲ့ပါက သင့်အမည်၊ အခန်း/ဖုန်းနံပါတ်နှင့် ဘာသာရေးနီးနွယ်မှုတို့ကို လမ်းညွှန်စာအုပ် ရည်ရွယ်ချက်များအတွက် ကျွန်ုပ်တို့ အသုံးပြုမည်။ ဘာသာရေးနီးနွယ်မှုမှလွဲ၍ သင့်အား နာမည်နှင့်တကွ မေးသော အခြားလူများကို ထိုသတင်းအချက်အလက်များ ပေးနိုင်သည်။

*အကြောင်းကြားချက်–* သင်၏ စောင့်ရှောက်မှုတွင် ပါဝင်သော မိသားစုအဖွဲ့ဝင်၊ ပုဂ္ဂိုလ်ရေး ကိုယ်စားပြုသူ သို့မဟုတ် အခြားသော လူတစ်ဦးကို အကြောင်းကြားခြင်းတွင် အကြောင်းကြားရန် သို့မဟုတ် ကူညီရန် သင့်အမည်နှင့် အခန်း/ဖုန်းနံပါတ်ကို ကျွန်ုပ်တို့ အသုံးပြုခြင်း သို့မဟုတ် ဖွင့်ဟဖော်ထုတ်ခြင်း ပြုနိုင်သည်။

*မိသားစုနှင့် ဆက်သွယ်ရေး–* ကျန်းမာရေး ကျွမ်းကျင်အတတ်ပညာရှင်များသည် သူတို့၏ အကောင်းဆုံးသော ဝေဖန်ပိုင်းခြားနိုင်စွမ်းကိုသုံး၍ မိသားစု အဖွဲ့ဝင်တစ်ဦး၊ အခြားဆွေမျိုး၊ အလွန်ရင်းနှီး သော သူငယ်ချင်း သို့မဟုတ် သင်ခွဲခြားဖော်ထုတ်ပြသော အခြားမည်သည့်လူမဆိုကို သင့်၏ စောင့်ရှောက်မှုတွင် ထိုသူ၏ ပါဝင်ပတ်သက်မှုနှင့် ဆီလျော်သောကျန်းမာရေး သတင်းအချက်အလက် သို့မဟုတ် သင်၏ စောင့်ရှောက်မှုနှင့် သက်ဆိုင်သော ငွေပေးခြင်းကို ဖွင့်ဟဖော်ထုတ်နိုင်သည်။

*သုတေသန လုပ်ငန်း–* သင့်ကျန်းမာရေး သတင်းအချက်အလက်၏ သီးသန့်ဖြစ်တည်မှုကို သေချာစေရန် လုပ်ထုံးလုပ်နည်းများအား အခြေတကျဖြစ်ပြီးဖြစ်သည့် အဖွဲ့အစည်းဆိုင်ရာ ပြန်လည်သုံးသပ်သည့် ဘုတ်အဖွဲ့မှ သုတေသနလုပ်ငန်းကို အတည်ပြုသော အခါ ကျွန်ုပ်တို့သည် သုတေသန ပညာရှင်များအား သတင်းအချက်အလက်ကို ဖွင့်ဟပြောဆိုမည်။

*အသုဘ စီစဉ်ညွှန်ကြားသူများ–* ကွန်ုပ်တို့သည် ကျန်းမာရေး သတင်းအချက်အလက်ကို သက်ဆိုင်သော ဥပဒေ နှင့်အညီ ကိုက်ညီသော အသုဘ စီစဉ်ညွှန်ကြားသူများအား ဖွင့်ဟပြောကြားမည်။

*ကိုယ်အင်္ဂါ ပေးလှူသည့် အဖွဲ့အစည်းများ–* သက်ဆိုင်သော ဥပဒေ နှင့်အညီ ကျွန်ုပ်တို့သည် ကျန်းမာရေး သတင်းအချက်အလက်ကို ကိုယ်အင်္ဂါ ရယူသည့် အဖွဲ့အစည်းများ သို့မဟုတ် တစ်ရှူးလှူဒါန်းခြင်းနှင့် အစားထိုးကုသသည့် ရည်ရွယ်ချက်အတွက် ကိုယ်အင်္ဂါများ ရယူခြင်း၊ ဘဏ်လုပ်ငန်း သို့မဟုတ် အစားထိုးကုသခြင်းများတွင် ဆက်စပ်ပါဝင်သော အခြား အဆောက်အအုံများကို ဖွင့်ဟပြောဆိုမည်။

*ဈေးကွက်ရှာဖွေခြင်း–* သင် စိတ်ဝင်စားနိုင်ဖွယ်ရှိသော အခြားသော ကျန်းမာရေးနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများနှင့် ချိန်းဆိုခြင်း သတိပေးခြင်းများ သို့မဟုတ် အခြား ရွေးချယ်စရာ ကုသမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်တို့ကို သင့်အားပေးရန် ကျွန်ုပ်တို့ သင့်ကို ဆက်သွယ်နိုင်သည်။

*ရံပုံငွေ ရှာဖွေခြင်း–* ရံပုံငွေရှာဖွေခြင်း ကြိုးပမ်းအားထုတ်မှု၏ တစိတ်တဒေသ အဖြစ် ကျွန်ုပ်တို့ သင့်ကို ဆက်သွယ်နိုင်သည်။

*အစားအစာနှင့် ဆေးဝါးကွပ်ကဲရေး (FDA)–* ကျွန်ုပ်တို့သည် FDA အား ထုတ်ကုန် ပြန်အပ်ခြင်းများ၊ ပြုပြင်ခြင်းများ သို့မဟုတ် အစားထိုးခြင်းတို့ကို ဖြစ်မြောက်စေရန် အစားအစာ၊ ဖြည့်စွက် ချက်များ၊ ထုတ်ကုန်များ သို့မဟုတ် နောက်ဆက်တွဲ စောင့်ရှောက်ရေး သတင်းအချက်အလက်များ နှင့် စပ်လျဉ်း၍ ထိခိုက်စေသော ဖြစ်ရပ်များနှင့် ပတ်သက်သော ကျန်းမာရေး သတင်းအချက် အလက်များကို ပေးသည်။

*အလုပ်သမားများအား လျော်ကြေးပေးခြင်း–* ကျွန်ုပ်တို့သည် ကျန်းမာရေး သတင်းအချက်အလက်များကို ခွင့်ပြုထားသော အတိုင်းအတာအထိ နှင့် အလုပ်သမားများ နစ်နာကြေးနှင့် သက်ဆိုင်သော ဥပဒေများ သို့မဟုတ် ဥပဒေအရ ထူထောင်ထားသော အခြားအလားတူ အစီအစဉ်များကို လိုက်နာရန် လိုအပ်သောအားဖြင့် ဖွင့်ဟ ဖော်ထုတ်နိုင်သည်။

*လူထု ကျန်းမာရေး–* ဥပဒေ၏ လိုအပ်ချက်အရ ကျွန်ုပ်တို့သည် သင်၏ ကျန်းမာရေး သတင်းအချက်အလက်များကို ရောဂါ၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် မသန်မစွမ်းဖြစ်ခြင်းတို့ကို ကာကွယ်တားဆီးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း တာဝန်ယူသည့် လူထုကျန်းမာရေး သို့မဟုတ် ဥပဒေ အာဏာပိုင်များကို ဖွင့်ဟပြောကြားမည်။

*ပြုပြင် တည့်မတ်ပေးသော အဖွဲ့အစည်း–* အကယ်၍ သင်သည် ပြုပြင်တည့်မတ်ပေးသော အဖွဲ့အစည်းတွင် နေထိုင်ရသူဖြစ်ပါက၊ အဖွဲ့အစည်း သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များကို သင့် ကျန်းမာရေး နှင့် အခြားသော လူများ၏ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သော သတင်းအချက်အလက်များကို ကျွန်ုပ်တို့မှ ထုတ်ဖော်ပြောကြားမည်။

*ဥပဒေပြဋ္ဌာန်းခြင်း သို့မဟုတ် ဥပဒေနှင့် ညီညွတ်သော–* ကျွန်ုပ်တို့သည် ကျန်းမာရေး သတင်းအချက်အလက်များကို ဥပဒေမှ ပြဋ္ဌာန်းထားသကဲ့သို့  ဥပဒေပြဋ္ဌာန်းခြင်း သို့မဟုတ် တရားဥပဒေ ရည်ရွယ်ချက်များအတွက် ဖွင့်ဟ ဖော်ထုတ်နိုင်သည်၊ အကျုံးဝင်သော တရားရုံးလာရောက်ရန် ဆင့်ခေါ်စာ သို့မဟုတ် အလားတူ ဖြစ်စဉ်တို့ကို တုံ့ပြန်မှု တစ်ရပ် အပါအဝင်ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းခြင်းအတွက် ဖွင့်ဟဖော်ထုတ်ခြင်းများတွင် ဆေးရုံ၌ ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းနှင့် အရေးပေါ် အခြေအနေများတွင် ရာဇဝတ်မှုကို အကြောင်းကြားရန် သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်သူသည် မည်သူမည်ဝါဖြစ်ကြောင်းခွဲခြားဖော်ထုတ်ခြင်း၊ ဖော်ပြချက်၊ သို့မဟုတ် နေရာ တို့ကို အကြောင်းကြားရန်တို့ ပါဝင်နိုင်သည်။

**ဤအကြောင်းကြားစာသည် 6/01/04 တွင် စတင်၍ အကျိုးသက်ရောက်မှု ရှိသည်။ ကျွန်ုပ်တို့ ထိန်းသိမ်းထားသော အကာအကွယ်ပေးထားသည့် ကျန်းမာရေး သတင်းအချက်အလက် အားလုံးအတွက် အကျိုးသက်ရောက်မှုရှိသော ပြဋ္ဌာန်းချက်အသစ်များ ပြုလုပ်ရန်နှင့် ကျွန်ုပ်တို့၏ အလေ့အထများကို ပြောင်းလဲရန် ကျွန်ုပ်တို့တွင် လုပ်ပိုင်ခွင့် ရှိသည်။ အကယ်၍ ကျွန်ုပ်တို့၏ သတင်းအချက်အလက် အလေ့အထများ ပြောင်းလဲပါက၊ ကျွန်ုပ်တို့သည် ပြန်လည်ပြင်ဆင်ထားသော အကြောင်းကြားစာကို ကျွန်ုပ်တို့ အဆောက်အအုံနှင့် ယင်းဥပစာတွင် ကပ်ထားမည်ဖြစ်ပြီး ထိုပြန်လည်ပြင်ဆင်ထားသည့် အကြောင်းကြားစာ မိတ္တူတစ်စောင်ကို သင်တောင်းခံပါက စာတိုက်မှ ပို့ပေးမည်။ ဤအကြောင်းကြားစာတွင် ဖော်ပြထားသည်မှ လွဲ၍ ကျွန်ုပ်တို့သည် သင်၏ ကျန်းမာရေးသတင်းအချက်အလက်များကို သင့်ခွင့်ပြုချက် မပါဘဲ အသုံးပြုခြင်း သို့မဟုတ် ဖွင့်ဟထုတ်ဖော်ခြင်း ပြုလိမ့်မည် မဟုတ်ပါ။**

အကယ်၍ သင်၏အတွင်းရေးဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခြင်းခံရသည်ဟု သင်ယုံကြည်ပါက၊ ကျွန်ုပ်တို့၏ လူနာဆက်ဆံရေးဌာန (814) 452-7081 သို့မဟုတ် အမေရိကန်ပြည်ထောင်စု ကျန်းမာရေးနှင့် လူသားချင်း ဝန်ဆောင်မှု ဌာန အတွင်းရေးမှူးသို့ သင် ဆက်သွယ်နိုင်သည်။ တိုင်ကြားချက် အမှုတွဲ ဖွင့်ခြင်းအတွက် လက်တုံ့ပြန်ခြင်း ရှိလိမ့်မည် မဟုတ်ပါ။